# နီဝရဏဓမ္မာနုပဿနာ

## (က) ကာမစ္ဆန္ဒ

- ❖ ၁။ တင့်တယ်ဟန်များ ရှုစဉ်းစား ဖြစ်ပွားကာမစ္ဆန်။
- ❖ ၂။ မတင့်တယ်အား ရှုစဉ်းစား ပယ်ရှားကာမစ္ဆန်။

၃။ မမြဲတာကို မြဲသည်ဟု ရှုတာက အယောနိသောမနသိကာရ။
၄။ မမြဲတာကို မမြဲဟု ရှုတာက ယောနိသောမနသိကာရ။
၅။ ဆင်းရဲတာကို ချမ်းသာဟု ရှုတာက အယောနိသောမနသိကာရ။
၆။ ဆင်းရဲတာကို ဆင်းရဲဟု ရှုတာက ယောနိသောမနသိကာရ။
၇။ ငါကောင်မဟုတ်တာကို ငါကောင် အတ္တကောင်ဟု ရှုတာက အယောနိသောမနသိကာရ။
၈။ ငါကောင်မဟုတ်တာကို ငါကောင် အတ္တကောင်မဟုတ်ဟု ရှုတာက ယောနိသောမနသိ-ကာရ။
၉။ မတင့်တယ်တာကို တင့်တယ်သည်ဟု ရှုတာက အယောနိသောမနသိကာရ။
၁၀။ မတင့်တယ်တာကို မတင့်တယ်ဟု ရှုတာက ယောနိသောမနသိကာရ။

- ❖ ၁၁။ ရှုံ့ဘွယ်သင်စေ ပွားလျှက်နေ ဣန္ဒြေစောင့်စည်းရာ။
- ❖ ၁၂။ စားသောက်တိုင်းပေ မိတ်ကောင်းနေ ပြောလေသင့်လျှော်သာ။
- ❖ ၁၃။ ကာမစ္ဆန္ဒ ပယ်ကြောင်းပြ ခြောက်ဝ အင္ဂကထာ။

## (ခ) ဗျာပါဒ

- ❖ ၁။ စိတ်ဆိုးဘွယ်များ ရှုစဉ်းစား ဖြစ်ပွား ဗျာပါဒ။
- ❖ ၂။ မေတ္တာတရား ရှေးရှုပွား ပယ်ရှား ဗျာပါဒ။
- ❖ ၃။ မေတ္တာသင်စေ ပွားလျှက်နေ ရှုလေ ကံ ဥစ္စာ။
- ❖ ၄။ ဆင်ခြင်များစေ မိတ်ကောင်းနေ ပြောလေသင့်လျှော်သာ။
- ❖ ၅။ ဗျာပါဒေါသ ပယ်ကြောင်းပြ ခြောက်ဝအင္ဂကထာ။

## (ဂ) ထိန မိဒ္ဓ

- ❖ ၁။ ပျင်းရိဘယ်များ ရှုစဉ်းစား ဖြစ်ပွား ထိ မိသာ။
- ❖ ၂။ လုံ့လသုံးပါး နှလုံးထား ပယ်ရှား ထိ မိသာ။
- ❖ ၃။ အစားလွန်ကြည့် နေထိုင်ပြင် ဆင်ခြင်လင်းရောင်မှာ။
- ❖ ၄။ လွင်ပြင်မှာနေ မိတ်ကောင်းနေ ပြောလေ သင့်လျှော်သာ။
- ❖ ၅။ ထိန မိဒ္ဓ ပယ်ကြောင်းပြ ခြောက်ဝ အင္ဂကထာ

- ၆။ သညာပြောင်းပေး စာကြံတွေး ရှုတ်ရေးနားဆွဲရာ
- ၇။ မျက်နှာသစ်ရန် အလင်းကြံ စကြံလျှောက်လေပါ။
- ၈။ ဤ ခုနစ်ဖြာ ပါဠိမှာ မှန်စွာမိန့်ခဲ့ပါ။

## (ဃ) ဥဒ္ဒေသ၊ ကုက္ကုစ္စ

- ၁။ ပူပန်ဘွယ်များ ရှုစဥ်းစား ဖြစ်ပွား ပျံ့ ပူသာ။
- ၂။ ငြိမ်းအေးတရား ရှုပွားများ ပယ်ရှား ပျံ့ ပူသာ။
- ၃။ များစွာကြားမြင် မေးမြန်းလျှင် ကျွမ်းကျင် ဝိနည်းမှာ။
- ၄။ ကြီးသူမှီစေ မိတ်ကောင်းနေ ပြောလေသင့်လျော်သာ။
- ၅။ ပျံ့လွင့်ပူပန် ပယ်ကြောင်းမှန် ခြောက်တန် ဌ မိန့်မှာ။

## (င) ဝိစိကိစ္ဆာ

- ၁။ ယုံမှားဘွယ်များ တွေးစဉ်းစား ယုံမှားဖြစ်တတ်ရာ။
- ၂။ ကုသိုလ်စသား ရှုပိုင်းခြား ယုံမှားကင်းပျောက်ရာ။
- ၃။ များစွာကြားမြင် မေးမြန်းလျှင် ကျွမ်းကျင်ဝိနည်းမှာ။
- ၄။ ဆုံးဖြတ်များပေ မိတ်ကောင်းနေ ပြောလေသင့်လျော်သာ။
- ၅။ ယုံမှားပယ်ရန် ကြောင်းခြောက်တန် ထုတ်ပြန် အဋ္ဌကထာ။